# မြန်မာ - ဆိုင်ကလုန်း မိုခါ

## အခြေအနေတင်ပြချက်အစီရင်ခံစာ အမှတ်စဉ် (၃)

*၂၀၂၃ ခုနှစ်၊ ဇွန်လ (၁) ရက် မွန်းလွဲ ၂ နာရီအထိ အခြေအနေ*

မိုခါမုန်တိုင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ OCHA အဖွဲ့က ထုတ်ပြန်ခဲ့သည့် နေ့စဉ်အရေးပေါ်သတင်းအချက်အလက်များ (Flash Updates) ကို ပိုမိုပြည့်စုံသော ဤအစီရင်ခံစာဖြင့် အစားထိုးထုတ်ပြန်သွားမည်ဖြစ်သည်။ ဤ Sit Rep အစီရင်ခံစာကို မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှု လုပ်ငန်းဆောင်ရွက်နေသော အစုအဖွဲ့ (၇) ခုနှင့် ယင်းတို့၏ လုပ်ငန်းအဖွဲ့ခွဲများနှင့် ပူးပေါင်း၍ OCHA အဖွဲ့က ထုတ်ပြန်ပါသည်။ ဤအစီရင်ခံစာပါ လူသားချင်းစာနာမှုလုပ်ငန်းအပိုင်းသည် မြေပြင်တွင် ဆောင်ရွက်နေသော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်း အားလုံးကို ထင်ဟပ်ဖော်ပြနိုင်ခြင်း မရှိဘဲ၊ မိတ်ဖက်အဖွဲ့များက မိမိတို့ဆန္ဒအလျောက် အစီရင်ခံထားသည့်လုပ်ငန်းများသာဖြစ်ကြောင်း ဖော်ပြလိုပါသည်။ နောက်တစ်ကြိမ် Sit Rep အစီရင်ခံစာကို ၂၀၂၃ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့ (ဗုဒ္ဓဟူးနေ့) တွင် ထုတ်ပြန်ပါမည်။

## အဓိကအချက်အလက်များ

- မုန်တိုင်းဒဏ်ခံစားရသည့်ဒေသများတွင် လူသားချင်းစာနာမှု ဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများကို ဆက်လက်တိုးချဲ့ ဆောင်ရွက်နေသည်။ သို့ရာတွင် မိုခါမုန်တိုင်းအတွက် အရေးပေါ်ရန်ပုံငွေ အဆိုပြုလွှာ (Flash Appeal) အရ အကူအညီပေးရန် ရည်မှန်းထားသော ရခိုင်၊ ချင်း၊ မကွေး၊ စစ်ကိုင်းနှင့် ကချင်ဒေသအားလုံးမှ လူဦးရေ ၁.၆ သန်းသို့ ဖြန့်ကြက်ရောက်ရှိနိုင်ရေးအတွက်ဝင်ရောက်ကူညီခွင့်များ လိုအပ်နေဆဲ ဖြစ်သည်။
- မုန်တိုင်းဒဏ်ခံစားရသည့်ဒေသများရှိ လူဦးရေ ၉၅၀၀၀ ကျော်သည် အမိုးအကာနှင့် အခြား ကယ်ဆယ်ရေး ပစ္စည်းများကို ရရှိထားပြီးဖြစ်သည်။
- လူဦးရေ ၂၆၇၀၀၀ နီးပါးသည် စားနပ်ရိက္ခာ အကူအညီများကို ရရှိထားပြီး၊ ဆန်နှင့် အားဖြည့်ဘီစကွတ်မုန့် ၃၃၈၀ မက်ထရစ်တန်ခန့်ကို ရခိုင်ပြည်နယ်မှ မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ ဖြန့်ဝေခဲ့ပြီး ဖြစ်သည်။




*ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ ရိုဟင်ဂျာကျေးရွာတစ်ရွာတွင် WFP မှ ဖြန့်ဝေသော အစားအစာနှင့် အားဖြည့်ဘီစကွတ်မုန့်ခွဲတမ်းကို သယ်ဆောင်နေသည့် အမျိုးသားတစ်ဦးနှင့် ကလေးငယ်တစ်ဦး။*
*ဓါတ်ပုံ - UNICEF/နိုင်လင်းစိုး/၂၀၂၃*

- ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်မှ ၂၉ ရက်အတွင်း ကျန်းမာရေးကဏ္ဍ မိတ်ဖက်အဖွဲ့များက အပြင်းထန်ဆုံးထိခိုက်ခံရသည့် မြို့နယ်များတွင် လူနာကြည့်ရှုဆွေးနွေးမှုပေါင်း ၇၈၀၀ ကျော်ကို ပြုလုပ်ခဲ့သည်။
- တုံ့ပြန်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေချိန်တွင်ပင် မုတ်သုံရာသီစတင်ဝင်ရောက်လာပြီး၊ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနေသောကြောင့် ရန်ကုန်မြို့နှင့် ပြည်ပမှ လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေး ပစ္စည်းများ သယ်ယူတင်ပို့ပြီး ပြန်လည်ဖြည့်တင်းပေးနိုင်ရန် အရေးတကြီး လိုအပ်လာနေသည်။
- မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများအတွက် ပစ္စည်းတင်သွင်းရေး၊ သယ်ယူပို့ဆောင်ရေးနှင့် နှစ်ပတ်ကြာဖြန့်ေရေး အစီအစဉ်အသေးစိတ်တို့ကိုလည်းကောင်း၊ နောက်ထပ်ခရီးသွားခွင့်ပြုမိန့်များကိုလည်းကောင်း လျင်မြန်စွာခွင့်ပြုပေးရေးသည် လတ်တလော ခိုလှုံရာနေရာလိုအပ်ချက်များကိုဖြည့်ဆည်းရန်နှင့် ရေကြောင့်ဖြစ်သောရောဂါဖြစ်ပွားမှုများကို ကြိုတင်ကာကွယ်ရန်အတွက် အလွန်အရေးကြီးသည်။
- လူသားချင်းစာနာမှုလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ထောက်ပံ့ရေးပစ္စည်းများ ဝယ်ယူရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဝေပေးရေးတို့ကို ပံ့ပိုးကူညီရန်နှင့် ဘေးဒဏ်သင့်ပြည်သူများကောင်းမွန်စွာနေထိုင်နိုင်ရေးအတွက် ရက်ရောစွာ ထောက်ပံ့ပေးမည့် ရန်ပုံငွေများရရှိရန် အလွန်အရေးကြီးပါသည်။ ဘဏ္ဍာငွေရရှိမှုအခြေအနေစုစည်းတင်ပြသည့်စနစ် (Financial Tracking System - FTS) ၏ အချက်အလက်များအရ မိုခါမုန်တိုင်း အရေးပေါ်ရန်ပုံငွေ အဆိုပြုလွှာအတွက် ဇွန်လ ၂ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၄.၆ သန်း လက်ခံရရှိထားပြီးဖြစ်သည်။

The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to Coordinate the global emergency response to save lives and protect people in humanitarian crises. We advocate for effective and principled humanitarian action by all, for all.
**www.unocha.org**

- တချိန်တည်းတွင် ဒေသအာဏာပိုင်များက ရခိုင်ပြည်နယ်တွင် အပျက်အစီးများအား ရှင်းလင်းခြင်း၊ လျှပ်စစ်ဓါတ်အား၊ ရေနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ကောင်းမွန်စေခြင်းတို့ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ အခြား လုပ်ငန်းအဖွဲ့များကလည်း ကျေးလက်ဒေသများအပါအဝင် ဒေသအသီးသီးရှိ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

## အခြေအနေသုံးသပ်ချက်

ရခိုင်၊ ချင်း၊ မကွေး၊ စစ်ကိုင်းနှင့် ကချင်တို့ရှိ မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဒေသများတွင် ယခင် ခရီးသွားခွင့်ပြုမိန့် သို့မဟုတ် ခရီးသွားခွင့်ပြုမိန့် အသစ် ရရှိထားသည့် အဖွဲ့အစည်းများမှတစ်ဆင့် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းများကို ဆက်လက်တိုးချဲ့ဆောင်ရွက်နေပြီး၊ အထူးသဖြင့် ခိုလှုံရာနေရာနှင့် စားနပ်ရိက္ခာအကူအညီပေးခြင်း လုပ်ငန်းများတွင် အရှိန်ရလာပြီဖြစ်သည်။ မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသများမှ လူဦးရေ ၉၅၂၄၀ ကျော်သည် ခိုလှုံရာနေရာအတွက်ပစ္စည်းများနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရရှိခဲ့ကြသည်။ လူဦးရေ ၂၆၆၅၀၀ ကျော်သည် စားနပ်ရိက္ခာ အကူအညီများကို ရရှိထားပြီး၊ ဆန်နှင့် အားဖြည့်ဘီစကွတ်မုန့် ၃၃၈၀ မက်ထရစ်တန် (စုစုပေါင်းလျာထားချက်၏ ၃၃%) ကို ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်ခံပြည်သူများသို့ ဖြန့်ဝေပေးပြီးဖြစ်သည်။ အနောက်မြောက်ပိုင်းဒေသတွင် မကွေးတိုင်းဒေသကြီးမှ လူဦးရေ ၇၈၀၀ ဦးသို့ စားနပ်ရိက္ခာဖြန့်ဝေပေးမည့် အစီအစဉ်ကို ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေဆဲဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်မှ ၃၁ ရက်အတွင်း ကျန်းမာရေးကဏ္ဍမိတ်ဖက်အဖွဲ့များက ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းဒေသနှင့် ကချင်ပြည်နယ်တို့ရှိ အပြင်းထန်ဆုံးထိခိုက်ခံခဲ့ရသည့် မြို့နယ်များတွင် လူနာကြည့်ရှုဆေးကုသမှု အကြိမ်ရေ ၇၈၀၀ ကျော်ကို ပြုလုပ်ခဲ့ခြင်းအားဖြင့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီစေခဲ့သည်။ သို့ရာတွင် ဤလုပ်ငန်းသည် လိုအပ်ချက်အားလုံး၏ အစိတ်အပိုင်းတစ်ခုကိုသာ ဖြည့်ဆည်းပေးနိုင်ခြင်းဖြစ်ပြီး၊ အကူအညီ ဖြန့်ဝေခြင်းများအတွက် ပိုမိုကျယ်ပြန့်သော ဝင်ရောက်ကူညီခွင့်များရရှိရန် အရေးတကြီး လိုအပ်နေပါသည်။ မုတ်သုံရာသီ စတင်ဝင်ရောက်လာနေပြီး၊ အနီးကပ်စောင့်ကြည့်နေရသော နောက်ထပ်လေဖိအားနည်းရပ်ဝန်းတစ်ခု ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာခြင်းတို့ကြောင့် တုံ့ပြန်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ စိုက်ပျိုးမြေများ ဆိုးရွားစွာပျက်စီးခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ ဆုံးရှုံးရခြင်းနှင့် ငါးဖမ်းလှေသင်္ဘောများ ထိခိုက်ပျက်စီးခြင်းတို့ကို နောက်လာမည့် ရက်သတ္တပတ်များတွင် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ အဓိကပြဿနာများ အနေဖြင့် ပုံဖော်ကြည့်နိုင်ပါသည်။



ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် လျှပ်စစ်နှင့် ဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုများအား ပြန်လည်ရရှိအောင် ဆောင်ရွက်နေသည့် လုပ်သားများ ၊ ဓါတ်ပုံ - မိတ်ဖက်အဖွဲ့တစ်ဖွဲ့/၂၀၂၃

နိုင်ငံတွင်းရှိ သိုလှောင်ရုံများနှင့် နိုင်ငံပြင်ပမှ ထောက်ပံ့ရေးပစ္စည်းများအား သယ်ယူပို့ဆောင်ရေးအတွက် ခွင့်ပြုချက်များကို စောင့်ဆိုင်းနေရဆဲဖြစ်သည်။ ထို့အတူပင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့အတွက် နှစ်ပတ်ကြာဖြန့်ဝေရေး အစီအစဉ်နှင့် ဆက်စပ်ခရီးသွားခွင့်ပြုမိန့်များအတွက်လည်း ခွင့်ပြုချက်များကို စောင့်ဆိုင်းနေဆဲဖြစ်သည်။ ဤတောင်းခံချက်များကို အချိန်မီခွင့်ပြုပေးမှသာ မိတ်ဖက်အဖွဲ့အစည်းများက ဘေးကင်းလုံခြုံသော ခိုလှုံရာများကို ထောက်ပံ့ပေး၍၊ လတ်တလော လိုအပ်ချက်များကို ဖြေရှင်းပေးကာ၊ ရေကြောင့်ဖြစ်သော ရောဂါဖြစ်ပွားမှုများကို ရှောင်ရှားနိုင်ပြီး၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

ဒေသအာဏာပိုင်များသည် အထူးသဖြင့် စစ်တွေနှင့် ဘူးသီးတောင်တို့အပါအဝင် ဦးစားပေးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ စစ်တွေမြို့ရှိ လမ်းများပေါ်မှ အပျက်အစီးပုံများအား ရှင်းလင်းခြင်းကြောင့် ယခင်က လဲကျနေသော သစ်ပင်များနှင့် ပြိုလဲနေသော လျှပ်စစ်မီးတိုင်များဖြင့် ပိတ်ဆို့နေခဲ့သည့် ဧရိယာများသို့ သွားလာရေးလွယ်ကူလာသည်။ ထိခိုက်ခံရသည့် ဒေသအများစုတွင် လျှပ်စစ်ဓါတ်အားကို ဖြည်းဖြည်းချင်း ပြန်လည်ရရှိနေပြီး၊ စစ်တွေမြို့၏ အဓိကလမ်းမကြီးများတလျှောက်ရှိ လမ်းမီးများအား ပြန်လည် ပြင်ဆင်လိုက်ခြင်း

ကြောင့် မြင်ကွင်း ပိုမိုရှင်းလင်းလာပြီး လုံခြုံရေး အားကောင်းလာပါသည်။ ။ မုန်တိုင်းဒဏ်ခံရသည့် ရပ်ရွာပြည်သူများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ မြို့နယ်အသီးသီးတွင် လုပ်ငန်းဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့များ အကြားတွင် ထိရောက်သော ပေါင်းစပ်ညှိနှိုင်းရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို အချိန်ကိုက်ဆောင်ရွက်ရန်အတွက်လည်းကောင်း အရေးပါသော ဆက်သွယ်ရေး ဝန်ဆောင်မှုများကိုလည်း ပြန်လည် ရရှိနေပြီဖြစ်သည်။ ရသေ့တောင်၊ ကျောက်တော်နှင့် စစ်တွေမြို့နယ်များတွင် စာသင်ကျောင်းများကို ပြန်လည်ပြင်ဆင်ရန်နှင့် ရေပေးဝေရန် လုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်သည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM) ၏ လေ့လာဆန်းစစ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို ကူညီပေးရန်အတွက် အဖွဲ့ဝင် ၁၄ ဦးပါဝင်သော အာဆီယံ အရေးပေါ်အခြေအနေတုံ့ပြန်ရေးနှင့် လေ့လာဆန်းစစ်ရေးအဖွဲ့ (ERAT) ကို ရခိုင်ပြည်နယ်သို့ စေလွှတ်ထားပြီး၊ ၎င်းတို့သည် ယခုအခါတွင် လုပ်ငန်းများကို အပြီးသတ်နေပြီဖြစ်သည်။

တစ်ချိန်တည်းတွင် အခြားသော လုပ်ငန်းအဖွဲ့များကလည်း ကျေးလက်ဒေသများအပါအဝင် ဒေသအသီးသီးတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အကူအညီပေးနေကြသည်။ ဘေးဒဏ်သင့်ရပ်ရွာများတွင် သက်ရောက်မှုများကို တိုင်းတာနေပြီး၊ မိမိတို့ လက်ဝယ်ရှိ ရင်းမြစ်များဖြင့် ဝင်ရောက်ကူညီခွင့်ရသည့် အတိုင်းအတာအထိ အကူအညီများကို ပေးအပ်နေသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင်များနှင့် ဘာသာရေးကွန်ရက်များသည် ဘေးဒဏ်သင့်ပြည်သူများကို ကူညီရန် ဆောင်ရွက်နေကြပြီး၊ ရပ်ရွာလူထု ကိုယ်တိုင်ကလည်း ပိတ်ဆို့နေသော လမ်းများပေါ်မှ အပျက်အစီးပုံများအား ရှင်းလင်းခြင်းနှင့် နေအိမ်ဆုံးရှုံးသွားရသူများကို ခိုလှုံရာ ထောက်ပံ့ပေးခြင်းတို့ဖြင့် လျင်မြန်စွာ ပါဝင်ဆောင်ရွက်နေပြီဖြစ်သည်။

လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများအား အရှိန်မြှင့်တင်ဆောင်ရွက်ရန်နှင့် ဘေးဒဏ်သင့်ပြည်သူများအား ကူညီပေးမည့် အရေးကြီးသော ထောက်ပံ့ရေးပစ္စည်းများ လျင်မြန်စွာဝယ်ယူနိုင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်ဖြန့်ဝေရေးတို့ကို ပံ့ပိုးကူညီရန်အတွက် ရန်ပုံငွေများကို အရေးတကြီး လိုအပ်နေပါသည်။ ဘဏ္ဍာငွေရရှိမှုအခြေအနေစုစည်းတင်ပြသည့်စနစ် (Financial Tracking System - FTS) ၏ အချက်အလက်များအရ ရခိုင်၊ ချင်း၊ စစ်ကိုင်း၊ မကွေးနှင့် ကချင်ဒေသများရှိ မိုခါမုန်တိုင်းဒဏ်ခံပြည်သူ ၁.၆ သန်းအား အကူအညီပေးရန် တောင်းခံထားသော အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၃၃ သန်းအနက် ဇွန်လ ၂ ရက်နေ့အထိ ၄.၆ သန်းကို ထပ်တိုးရန်ပုံငွေအဖြစ် လက်ခံရရှိပြီးဖြစ်သည်။

## လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများ

### အရေးပေါ်အခြေအနေတွင် ပညာသင်ကြားရေး

**လိုအပ်ချက်များ**

- ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မိုခါမုန်တိုင်းကြောင့် ပညာရေးအခြေခံအဆောက်အဦများ ပြင်းထန်စွာ ထိခိုက်ခဲ့ပြီး စာသင်ကျောင်းများ၊ သင်ကြားရေးဌာနများ နှင့် သင်ကြားရေးပစ္စည်းများလည်း ပျက်စီးခဲ့ပါသည်။ မိတ်ဖက်အဖွဲ့များထံမှ ရရှိသည့် အတည်မပြုနိုင်သေးသော သတင်းအချက်အလက်များအရ မုန်တိုင်းကြောင့် စိတ်ကျန်းမာရေးဆိုင်ရာခက်ခဲမှုများ ရှိနေကြောင်း ဖော်ပြနေသောကြောင့် အထူးသဖြင့် ကလေးသူငယ်များအတွက် စိတ်ပိုင်းဆိုင်ရာ အကူအညီ (PSS) ကဲ့သို့သော ကျန်းမာပျော်ရွှင်ရေးကို အခြေခံသည့် အကူအညီများကို လိုအပ်နေပါသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- မကွေးတိုင်းဒေသကြီးတွင် ပညာရေးမိတ်ဖက်အဖွဲ့များက ဆိပ်ဖြူမြို့နယ်မှ ကလေးသူငယ်များအတွက် မိမိနေအိမ်တွင်ပင် အခြေပြုသော ပညာသင်ကြားရေးဆိုင်ရာ ပစ္စည်းများကို ဖြန့်ဝေပေးနေသည်။
- ချင်းပြည်နယ်၊ ဟားခါး၊ မတူပီ၊ ထန်တလန်၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များတွင် ကျောင်းများအတွက် အမိုးသွပ်ပြား ၄၀၀၀ ချပ်ကို အရေးပေါ်ဖြန့်ဝေပေးနေသည်။ ယင်းအမိုးသွပ်ပြားများအနက် တစ်ဝက်ကို ချင်းပြည်နယ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး၊ ကျန်တစ်ဝက်ကို ဘာသာရေးခေါင်းဆောင်များမှတဆင့် ဖြန့်ဝေပေးနေသည်။
- ပညာရေးကဏ္ဍမိတ်ဖက်အဖွဲ့များသည် ရခိုင်ပြည်နယ်တွင် စစ်တွေ၊ မင်းပြား၊ မြောက်ဦးနှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ ပညာရေးအဆောက်အဦများ ထိခိုက်ပျက်စီးခဲ့သည့် IDP စခန်း ၄ ခုနှင့် ကျေးရွာ ၁၄ ရွာတို့ပါဝင်သည့် နေရာ ၁၈ နေရာတွင် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်းကို ပံ့ပိုးကူညီနိုင်ရန်အတွက် ကနဦးလေ့လာဆန်းစစ်မှုများကို ပြုလုပ်ထားပြီးဖြစ်သည်။

- ရခိုင်ပြည်နယ်တွင် အားလုံးပါဝင်သော ပညာရေးအတွက် အသိပညာတိုးပွားစေရေးဆွေးနွေးပွဲများကို ရပ်ရွာစေတနာ့ဝန်ထမ်း ၂၆ ဦး (အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ၁၀ ဦး) ပါဝင်၍ ပြုလုပ်ခဲ့သည်။ အားလုံးပါဝင်သော သင်ကြားရေးစနစ်အတွက် ပစ္စည်းများကိုလည်း ဖြန့်ဝေပေးနေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- မုန်တိုင်းကြောင့် ထိခိုက်ခံရသည့်ဒေသများတွင် များပြားလှသော အပျက်အစီးပုံများက အဓိကပြဿနာတစ်ရပ်အဖြစ် ဆက်လက်ရှိနေပြီး၊ စာသင်ကျောင်းများအား ပြန်လည်ပြင်ဆင်ခြင်းနှင့် ကျောင်းပြန်ဖွင့်ခြင်းတို့ကို နှောင့်နှေးစေသည်။ အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်နေခြင်းနှင့် မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ (EO) ကဲ့သို့သော ထပ်တိုးအန္တရာယ်များကြောင့် ဤပြဿနာကို ပိုဆိုးစေပါသည်။
- ရခိုင်ပြည်နယ်တွင် အာဏာပိုင်များထံမှ ခရီးသွားခွင့်ပြုမိန့်များနှင့် လိုအပ်သောခွင့်ပြုချက်များ ကြာမြင့်စွာစောင့်ဆိုင်းနေရခြင်းကြောင့် ဇွန်လတွင်စတင်မည့် စာသင်နှစ်မတိုင်မီတွင် လိုအပ်ချက်များကိုစောလျင်စွာ ထောက်ပံ့ပေးရန် ကြိုးစားနေသည့် ပညာရေးမိတ်ဖက်အဖွဲ့များ၏ ဆောင်ရွက်နိုင်စွမ်းကို အကန့်အသတ်ဖြစ်စေသည်။
- သင်ကြားရေးဆိုင်ရာ အခြေခံအဆောက်အဦများအား လျင်မြန်စွာ ပြန်လည်တည်ထောင်နိုင်ရေးကို ကူညီရန်အတွက် ရန်ပုံငွေနှင့် ပစ္စည်းများကို အရေးတကြီး လိုအပ်နေပါသည်။ ဘေးဒဏ်သင့်ဒေသများတွင် သင်ကြားသင်ယူရေးပစ္စည်းများ ထောက်ပံ့ပေးရန်မှာ အဓိက လိုအပ်ချက်ဖြစ်နေသည်။

## စားနပ်ရိက္ခာဖူလုံရေး

**လိုအပ်ချက်များ**

- စစ်တွေမြို့နယ်တွင် ဈေးကွက်စောင့်ကြည့်လေ့လာချက်များအရ မုန်တိုင်းပြီးစအချိန်၌ ဈေးနှုန်းများ မြင့်တက်လာပြီးနောက်ပိုင်းတွင် အချို့သော ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ ကျဆင်းလာကြောင်း ဖော်ပြနေသည်။
- မုန်တိုင်းကြောင့် ကောက်ပဲသီးနှံပျက်စီးမှု အများအပြားဖြစ်ခဲ့ပြီး၊ ပင်လယ်ရေငန်ဝင်ရောက်မှုကြောင့် စိုက်ပျိုးမြေများ၊ ငါးမွေးမြူရေးကန်များ၊ သောက်ရေတွင်း/သောက်ရေကန်များ ပျက်စီးခဲ့သည်။ ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသတို့တွင် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍများကို ဆိုးရွားစွာ ထိခိုက်ခဲ့ပြီး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် မရှိမဖြစ်သော ပိုင်ဆိုင်မှုများစွာလည်း ဆုံးရှုံးခဲ့ရသည်။ ဤအခြေအနေသည် စားနပ်ရိက္ခာဖူလုံရေးအပေါ် ကာလရှည် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်နေသည်။ စိုက်ပျိုးရေးသွင်းအားစုများ (မျိုးစေ့များ၊ ဓါတ်မြေဩဇာများ) ဆုံးရှုံးမှုသည် ရခိုင်ပြည်နယ်အတွက် အဓိက စိုးရိမ်မှုတစ်ခု ဖြစ်သည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- မေလ ၃၁ ရက်နေ့အထိကာလတွင် WFP သည် မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရခိုင်ပြည်နယ်တဝန်းလုံးမှ လူဦးရေ ၂၆၆၅၀၀ ကျော်ကို ကူညီပေးခဲ့သည်။ ဤလူများအနက် ၉၁၀၀၀ ဦးမှာ ယခုမုန်တိုင်းကြောင့် ထိခိုက်ခံရသူများဖြစ်ကြသည်။ IDPs အများအပြားစုပါဝင်သည့် ၁၇၅၅၀၀ ဦးမှာ WFP အဖွဲ့၏ ပုံမှန်ကယ်ဆယ်ရေးအကူအညီရရှိသူများဖြစ်ကြပြီး ၎င်းတို့သည်လည်း မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့ကြသည်။ ဝင်ရောက်ကူညီခွင့် ရှိထားသည့် အခြားမိတ်ဖက်အဖွဲ့များက သွားလာ၍ရသည့်နေရာများတွင် ငွေကြေးအခြေခံသည့် အကူအညီ သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထောက်ပံ့ပေးနေသည်။ မေလ ၃၀ ရက်နေ့အထိ ကာလတွင် ဆန်နှင့် အားဖြည့်ဘီစကွတ်မုန့် စုစုပေါင်း ၃၃၈၀ မက်ထရစ်တန် (စုစုပေါင်းလျာထားချက်၏ ၃၃%) ကို ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ဖြန့်ဝေပေးပြီးဖြစ်သည်။
- ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်းကို စောင့်ကြည့်နေဆဲဖြစ်သည်။ WFP သည် မိုခါမုန်တိုင်းမှ ရရှိသည့်သင်ခန်းစာများကို အခြေခံလျက်၊ စားနပ်ရိက္ခာသိုလှောင်ရာတွင် ကွန်ကရစ်အဆောက်အဦများ အသုံးပြုရန်စီစဉ်ခြင်းအပါအဝင်၊ ဆုံးရှုံးမှု ဖြစ်နိုင်ခြေများကို လျှော့ချရန်ဆောင်ရွက်လျက်ရှိပါသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၏ မိတ်ဖက်အဖွဲ့များစွာတို့အတွက် ခရီးသွားခွင့်ပြုမိန့်များကို စောင့်ဆိုင်းနေရဆဲဖြစ်သည်။

- WFP သည် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့မှ ထပ်တိုးလူဦးရေ ၇၈၀၀၀ ဦးအား အကူအညီပေးရန် ခရီးသွားခွင့်ပြုမိန့်များကို လျှောက်ထားပြီးဖြစ်သည်။
- WFP သည် ဘူးသီးတောင်မြို့နယ်မြောက်ပိုင်းမှ လူဦးရေ ၁၁၀၀၀ကို အကူအညီပေးရန် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်နေဆဲဖြစ် သည်။
- မုန်တိုင်းကြောင့် သိုလှောင်ရုံများစွာတို့လည်း ထိခိုက်ပျက်စီးခဲ့ရသည်။ ယင်းသိုလှောင်ရုံများအား ပြင်ဆင်ရန် ပစ္စည်းများကို ဒေသတွင်းတွင် မရရှိနိုင်သည့်အတွက် မိတ်ဖက်အဖွဲ့များ၏ ထောက်ပံ့ရေးပစ္စည်းများကို စနစ်တကျ သိမ်းဆည်းသိုလှောင်ထားနိုင်စွမ်းကို ထိခိုက်စေသည်။
- ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းနေသော်လည်း၊ ဒေသအများစုတွင် မုန်တိုင်းမတိုက်မီအချိန်ကထက် ဈေးနှုန်းကြီးမြင့်နေဆဲဖြစ်သည်။
- ဒေသခံ CSOs အဖွဲ့များသည် စစ်ဆေးရေးဂိတ်များတွင် တင်းကျပ်သော စိစစ်မှုများစွာ ကြုံတွေ့နေရသဖြင့် အကူအညီ ဖြန့်ဝေပေးနိုင်စွမ်းကို အကန့်အသတ် ဖြစ်စေသည်။
- အနောက်မြောက်ပိုင်းဒေသတွင်၊ ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပြန်လည်ပြင်ဆင်နေသော်လည်း၊ ယခုထိတိုင် မကောင်းမွန်သေးသဖြင့် လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများအကြောင်း သိရှိနိုင်ရန် ဒေသခံမိတ်ဖက်အဖွဲ့များသို့ ဆက်သွယ်ရာတွင် ခက်ခဲနေပါသည်။

## ကျန်းမာရေး

### လိုအပ်ချက်များ

- မုန်တိုင်းကြောင့် ထိခိုက်ခံရသူ ၄၂၉၀၀၀ ဦးသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကပ်ရောဂါအသွင်ဖြစ်ပွားလေ့ရှိသောရောဂါများအား အချိန်မီ ကာကွယ်ကုသပေးခြင်းအပါအဝင် အဓိက ကျန်းမာရေးဝန်ဆောင်မှုများကို အရေးတကြီး လိုအပ်နေသည်။
- ရခိုင်ပြည်နယ်တွင်၊ မြို့နယ်ဆေးရုံများအနက် ထက်ဝက် (၁၆ ရုံအနက် ၈ ရုံ) သည် ထိခိုက်မှုရှိခဲ့သော်လည်း၊ လုပ်ငန်းဆက်လက်လည်ပတ်နိုင်ဆဲဖြစ်သည်။ လျှပ်စစ်နှင့် ရေတို့အတွက် ဝန်ဆောင်မှုများကို ရရှိနိုင်သော်လည်း၊ ဆေးရုံ ၉ ရုံမှာ မီးစက်များကို အဓိကအားထားနေရသောကြောင့် လောင်စာဆီ လိုအပ်ချက် မြင့်မားလာသည်။ လမ်းများ ပျက်စီးနေခြင်းနှင့် သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့် ဘေးဒဏ်သင့်ပြည်သူများက ကျန်းမာရေးဌာနများသို့ လူကိုယ်တိုင်လာရောက်ရန် ကန့်သတ်ချက်များရှိနေသည်။ ထို့အပြင် စစ်တွေ IDP စခန်းများရှိ ဆေးခန်း ၉ ခုမှာ လုံးဝပျက်စီးသွားခဲ့ပြီး၊ တစ်ခုမှာ တစိတ်တပိုင်း ထိခိုက်ခဲ့သည်။
- အနောက်မြောက်ပိုင်းဒေသတွင် ကွင်းဆင်းလေ့လာမှုများအရ မုန်တိုင်းဒဏ်ခံရသည့် ကျေးလက်ကျန်းမာရေးဌာန ၉ ခု (ချင်းပြည်နယ်တွင် ၈ ခုနှင့် မကွေးတိုင်းဒေသကြီးတွင် ၁ ခု) ကို ပြန်လည်ပြင်ဆင်ရန် လိုအပ်နေသည်။ ဤအခြေအနေသည် အဆိုပါဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုများပေးအပ်နိုင်မှုအပေါ် တိုက်ရိုက်သက်ရောက်နေသည်။
- ကလေးသူငယ်များအပါအဝင် ပြင်းထန်ဝမ်းလျှော (AWD) လူနာများ တွေ့ရကြောင်း အစီရင်ခံထားသည်။ မုန်တိုင်းဒဏ်ခံရသည့် ဒေသများတွင် ရေဓါတ်အလွန်အကျွံဆုံးရှုံးသည့် ဖြစ်ရပ်များ သို့မဟုတ် ဝမ်းလျှောခြင်းနှင့် ဆက်စပ်၍ သေဆုံးမှုများ မရှိသေးပါ။ သို့ရာတွင် ရေကြောင့်ဖြစ်သော ရောဂါများနှင့် ခြင်/ပိုးမွှားကြောင့်ဖြစ်သော ရောဂါများ ဖြစ်ပွားလာနိုင်မှုကို ကြိုတင်ကာကွယ်ရန် အရေးတကြီးလိုအပ်နေသည်။ ရေကြီးရေလျှံခြင်း၊ ရေနှင့် အိမ်သာ/မိလ္လာ မလုံလောက်ခြင်းနှင့် နေရပ်စွန့်ခွာရမှုများကြောင့် ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာပြီး နေထိုင်မှုအခြေအနေများ ပိုမိုဆိုးရွားစေပါသည်။
- ရခိုင်တွင် လည်ပတ်ဆောင်ရွက်နေသော ရွေ့လျားဆေးခန်းများသည် အကိုက်အခဲပျောက်ဆေးများ၊ ပဋိဇီဝဆေးများ၊ အရေးပေါ်/စိတ်ဒဏ်ရာ ကုသရေးပစ္စည်းများအပါအဝင် ဆေးဝါးပစ္စည်းများကို ပြန်လည်ဖြည့်တင်းရန် အရေးတကြီးလိုအပ်နေသည်။ နာတာရှည်ရောဂါများအတွက် အစားထိုးဆေးများ၊ သယ်ယူပို့ဆောင်ရေးနှင့် လူနာလွှဲပြောင်းပေးခြင်းတို့ကို ထောက်ပံ့ပေးရန်အတွက် ငွေကြေးအကူအညီသည် အရေးကြီးပါသည်။

### တုံ့ပြန်ရေးလုပ်ငန်းများ

- ကျန်းမာရေးကဏ္ဍ မိတ်ဖက်အဖွဲ့များသည် မိုခါမုန်တိုင်းကြောင့် အထိခိုက်ခံရဆုံးသူများကို ဦးစားပေး ကူညီပေးလျက်ရှိပါသည်။ ဘေးဒဏ်သင့်ပြည်သူများ၏ အရေးတကြီးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ်၏ သွားလာခွင့်ရှိထားသော ဒေသများတွင် ရွေ့လျားနှင့် ပုံသေဆေးခန်းများဖြင့် တုံ့ပြန်ရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်နေသည်။

- ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်မှ ၃၁ ရက်အတွင်းတွင်၊ ကျန်းမာရေးကဏ္ဍမိတ်ဖက်အဖွဲ့များက ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းဒေသနှင့် ကချင်ပြည်နယ်တို့ရှိ အပြင်းထန်ဆုံးထိခိုက်ခံခဲ့ရသည့် မြို့နယ်များတွင် လူနာကြည့်ရှုဆွေးနွေးမှု ၇၈၀၀ ကျော်ကို ပြုလုပ်ခဲ့ကြောင်း အစီရင်ခံခဲ့သည်။ ဤလူနာကြည့်ရှုဆွေးနွေးမှုများတွင် အရေးပေါ်နှင့် ခွဲစိတ်ကုသမှုလူနာ ၄၀၆ ဦးနှင့် အထောက်အကူဖြင့် မီးဖွားခြင်းတစ်ကြိမ်တို့ ပါဝင်ခဲ့သည်။ ယင်းတို့အနက် အများစု (၉၆ %) ကို ရခိုင်ပြည်နယ်တွင် ကြည့်ရှုပေးခဲ့ခြင်းဖြစ်ပြီး၊ အမျိုးသမီးလူနာ ၄၆ %နှင့် ၁၈ နှစ်အောက် ကလေးသူငယ် ၆၁ % ပါဝင်ခဲ့သည်။
- ကချင်ပြည်နယ်တွင် ဝိုင်းမော်နှင့် မန်စီမြို့နယ်တို့ရှိ ထိခိုက်ပျက်စီးသွားသော ဆေးခန်းအဆောက်အဦများကို ရပ်ရွာလူထုတို့က ပြန်လည်ပြင်ဆင်ခဲ့ကြောင်း သတင်းပို့ထားသည်။
- ရောဂါဖြစ်ပွားမှုအစီရင်ခံချက်များကို အတည်ပြုရန်နှင့် အများပြည်သူကျန်းမာရေးအတွက် အန္တရာယ်များကို စုံစမ်းရှာဖွေရန်အတွက် ကြိုတင်သတိပေးရေးနှင့် တုံ့ပြန်ရေးစနစ် (EWARS) ကို ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဆက်လက်လည်ပတ်ဆောင်ရွက်နေသည်။ ရောဂါဖြစ်ပွားလာပါက လျင်မြန်စွာ သတ်မှတ်ဖော်ထုတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တုံ့ပြန်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကျန်းမာရေးကဏ္ဍနှင့် ပြင်ပမှ မိတ်ဖက်အဖွဲ့များဖြင့် ပေါင်းစပ်ညှိနှိုင်းမှုများကိုလည်း ပုံမှန်ပြုလုပ်နေသည်။ တချိန်တည်းတွင် အသိပညာတိုးပွားရေး လုပ်ငန်းများမှတဆင့် အရေးကြီးသော သတင်းအချက်အလက်များကို ဘေးဒဏ်သင့်ပြည်သူများသို့ စဉ်ဆက်မပြတ် ထောက်ပံ့ပေးနေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ကျန်းမာရေးကဏ္ဍစုသည် အခြေခံကျန်းမာရေးဝန်ဆောင်မှုများ၊ ဖြည့်စွက်ဝန်ဆောင်မှုများအပါအဝင် မရှိမဖြစ်သော ကျန်းမာရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးရန်နှင့် ကပ်ရောဂါအသွင်ဖြစ်ပွားလေ့ရှိသော ရောဂါများအား အချိန်နှင့်တပြေးညီ တုံ့ပြန်ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၃.၁ သန်းကို အရေးတကြီးလိုအပ်ပါသည်။ ဤလုပ်ငန်းများသည် ဘေးဒဏ်ခံပြည်သူ ၄၂၉၀၀၀ ဦးသို့ ဖြန့်ကြက်ရောက်ရှိရန် ရည်မှန်းထားသည်။
- ကျန်းမာရေးဝန်ဆောင်မှုများအား ထိရောက်စွာ တိုးချဲ့ပေးအပ်ရန်၊ ရင်းမြစ်များကို ခွဲဝေသုံးစွဲရန်နှင့် ကြိုတင်သတိပေးစနစ်နှင့် ရောဂါဖြစ်ပွားမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများအား ဆောင်ရွက်ရန်အတွက် ဝင်ရောက်ကူညီခွင့်များကို တိုးတက်ရရှိရန်အရေးကြီးပါသည်။ ကျန်းမာရေးကဏ္ဍမိတ်ဖက်အဖွဲ့များသည် မုန်တိုင်းတိုက်ခတ်ပြီးနောက် သုံးပတ်ကြာမြင့်ခဲ့ပြီဖြစ်သည့် ယခုအချိန်ထိပင် အဆိုးရွားဆုံးထိခိုက်ခံခဲ့ရသည့် ဒေသများသို့ ဝင်ရောက်ကူညီရာတွင် ဤအခက်အခဲများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။

## အာဟာရ

**လိုအပ်ချက်များ**

- ရခိုင်ပြည်နယ်တွင် အောက်ပါ အာဟာရဆိုင်ရာ လိုအပ်ချက်များနှင့် စိုးရိမ်မှုများကို သတ်မှတ်ဖော်ထုတ်ထားသည် -
    - ပုဏ္ဏားကျွန်းမြို့နယ်တွင် အာဟာရချို့တဲ့မှုကုသရေးအကူအညီများကို အရေးတကြီးလိုအပ်နေသည်။ ဤဒေသတွင် အာဟာရချို့တဲ့မှု ကုသရေးကို ဆောင်ရွက်ပေးနေသည့် မိတ်ဖက်အဖွဲ့ မရှိသေးပါ။ မိုခါမုန်တိုင်းမတိုက်မီက ကလေးသူငယ် ၅၈၆၁ ဦးနှင့် ပြုစုစောင့်ရှောက်သူ ၄၁၃၈ ဦးတို့ပါဝင်သည့် လူဦးရေ ၁၀၀၄၄ ဦးသည် အာဟာရဆိုင်ရာဝန်ဆောင်မှုများကို လိုအပ်သည်ဟု ခန့်မှန်းထားသည် (၂၀၂၃ ခုနှစ် HRP)။ ဤလူဦးရေတွင် အလွန်ပြင်းထန်သော အာဟာရချို့တဲ့မှု (SAM) လူနာ ၁၂၅ ဦးနှင့် အသင့်အတင့်ပြင်းထန်သော အာဟာရချို့တဲ့မှု (MAM) လူနာ ၄၄၆ ဦးလည်း ပါဝင်သည်။
    - ရခိုင်ပြည်နယ်တဝန်းလုံးရှိ အာဟာရစင်တာများတွင် အာဟာရချို့တဲ့မှုကုသရေးဝန်ဆောင်မှုများနှင့်အတူ စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာအထောက်အပံ့ (MHPSS) ဝန်ဆောင်မှုများကို ပေါင်းစည်းထည့်သွင်းရန်အတွက် အရေးတကြီးလုပ်ငန်းများလိုအပ်သည်။ အထူးသဖြင့် ရိုဟင်ဂျာအသိုင်းအဝိုင်းမှအပါအဝင် ပြုစုစောင့်ရှောက်သူများသည် မုန်တိုင်းအလွန် စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများကို သိသာစွာ ကြုံတွေ့နေရကြောင်း မိတ်ဖက်အဖွဲ့များက အစီရင်ခံထားသည်။ အာဟာရချို့တဲ့မှု ကုသရေးလုပ်ငန်းများနှင့်အတူတွဲ၍ MHPSS ဝန်ဆောင်မှုများကို ထောက်ပံ့ပေးခြင်းသည် ဘေးဒဏ်သင့် ပြည်သူများ၏ ကျန်းမာပျော်ရွှင်မှုကို ကူညီဖြေရှင်းပေးရာတွင် အရေးကြီးပါသည်။
- အာဟာရဆိုင်ရာ လိုအပ်ချက်များ တိုးလာမည်ဟု မျှော်မှန်းထားသည်နှင့်အမျှ၊ ပြင်းထန်အာဟာရချို့တဲ့မှု ဘက်စုံစီမံခန့်ခွဲရေး (IMAM) အတွက် ပြည့်စုံသောသင်တန်းများပေးခြင်းဖြင့် မိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းစေရန် လိုအပ်နေသည်။

မုန်တိုင်းသင့် ရပ်ရွာလူထုအသိုင်းအဝိုင်းများအကြားတွင် အာဟာရဆိုင်ရာဝန်ဆောင်မှုများအတွက် တိုးမြှင့်တောင်းဆိုနေခြင်းကို ထည့်သွင်း စဉ်းစားပါက ဤလုပ်ငန်းသည် အရေးကြီးပြီး၊ ပြင်းထန်အာဟာရချို့တဲ့သောဖြစ်ရပ်များအား ထိရောက်စွာစီမံခန့်ခွဲရေးကို သေချာစေမည်ဖြစ်သည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

- အာဟာရကဏ္ဍစုသည် မိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးခြင်း (EBF) နှင့် ဆန္ဒအလျောက်လှူဒါန်းသော မိခင်နို့အစားထိုးပစ္စည်းများ (BMS) နှင့်စပ်လျဉ်း၍ အသိပညာပေး သတင်းစကားများကို ဖြန့်ဝေခဲ့သည်။
- ရခိုင်ပြည်နယ်တွင် အာဟာရကဏ္ဍမိတ်ဖက်အဖွဲ့များက အောက်ပါတုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည် -
  - စစ်တွေမြို့နယ်ရှိ ရိုဟင်ဂျာစခန်းများတွင် အာဟာရကုထုံးဖြင့် ကုသရေးဌာန ၇ ခုအနက် ၅ ခုသည် ယာယီနေရာများတွင် ကုသမှုများကို ပြန်လည်ပြုလုပ်ခဲ့သည်။
  - ဦးစားပေးမြို့နယ်များတွင် ကလေးသူငယ် ၃၂၅၅ ဦးနှင့် ပြုစုစောင့်ရှောက်သူ ၇၆၅ တို့ပါဝင်သည့် လူဦးရေ ၄၀၂၀ ဦးသို့ အာဟာရအကူအညီများကို ထောက်ပံ့ပေးခဲ့သည်။
  - မေလ ၂၃ ရက်မှ ၂၆ ရက်အတွင်းတွင် စစ်တွေမြို့မှ ကလေးသူငယ် ၂၄၄ ဦးနှင့် ပြုစုစောင့်ရှောက်သူ ၁၃၃ ဦးတို့ပါဝင်သည့် လူဦးရေ ၃၇၇ ဦးတို့သည် အာဟာရချို့တဲ့မှု ကုသရေးနှင့် ကြိုတင်ကာကွယ်ရေး ဝန်ဆောင်မှုများကို ရရှိခဲ့ကြသည်။
  - မေလ ၂၉ ရက်နေ့တွင်၊ ဦးစားပေးမြို့နယ် ၈ မြို့နယ်မှ ကလေးသူငယ် ၁၄၈၁ ဦးနှင့် ပြုစုစောင့်ရှောက်သူ ၃၄၃ ဦးတို့ပါဝင်သည့် လူဦးရေ ၁၈၂၄ ဦးသည် အာဟာရအကူအညီများကို ရရှိခဲ့ကြသည်။ ဤလူဦးရေတွင် မိခင်နို့တိုက်ကျွေးခြင်းနှင့် ဖြည့်စွက် စာဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများပြုလုပ်ပေးခဲ့သည့် ပြုစုစောင့်ရှောက်သူ ၁၇၄ ဦး၊ အလွန်ပြင်းထန်အာဟာရချို့တဲ့မှု (SAM) ရှိနေသည့် ကလေးလူနာသစ် ၁၂ ဦးနှင့် အသင့်အတင့်ပြင်းထန်အာဟာရချို့တဲ့မှု (MAM) ရှိနေသည့် ကလေးလူနာသစ် ၃၇ ဦးတို့လည်း ပါဝင်သည်။
  - မေလ ၃၀ ရက်နေ့တွင် ဦးစားပေးမြို့နယ် ၈ မြို့နယ်မှ ကလေးသူငယ် ၁၅၆၀ ဦးနှင့် ပြုစုစောင့်ရှောက်သူ ၂၈၉ ဦးတို့ပါဝင်သည့် လူဦးရေ ၁၈၄၉ ဦးသည် အာဟာရဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိခဲ့ကြသည်။ နောက်ထပ် SAM လူနာ ၁၄၄ ဦးနှင့် MAM လူနာ ၂၃၃ ဦးတို့ကို ကုသပေး၍ ဆက်လက်ပြုစုစောင့်ရှောက်ထားသည်။ ထို့အပြင်၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် (PLW) ၁၄၄ ဦးတို့သည် အနည်းလိုအာဟာရဓါတ် အားဖြည့်ဆေးပြားများကို လက်ခံရရှိခဲ့ကြသည်။
  - အာဟာရကဏ္ဍမိတ်ဖက်အဖွဲ့များသည် မုန်တိုင်းကြောင့် ထိခိုက်ခဲ့ကြရသည့် ဦးစားပေးမြို့နယ် ၈ မြို့နယ်တွင် မိခင်နို့တိုက် ကျွေးခြင်းနှင့် ကလေးငယ်အာဟာရကျွေးခြင်းအတွက် အထောက်အကူပြုစင်တာများအပါအဝင် ဝန်ဆောင်မှုဌာန ၂၇ ခုကို ပြန်လည်ပြင်ဆင်နေသည်။
- အနောက်မြောက်ပိုင်းဒေသတွင်၊ အာဟာရကဏ္ဍမိတ်ဖက်အဖွဲ့အားလုံးတို့က ပုံမှန်လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် နေပြီး၊ ယင်းလုပ်ငန်းများတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ရှိ သတ်မှတ်ထားသော ဧရိယာများ၌ မွေးကင်းစကလေးနှင့် ကလေးငယ်များအား ဖြည့်စွက်စာတိုက်ကျွေးခြင်း၊ ရပ်ရွာလူထုအား အသိအမြင်တိုးပွားစေခြင်း၊ ရပ်ရွာလူထုတွင်း ရှေ့လျားလှုံ့ဆော်ခြင်း၊ ပြင်ပလူနာ ကုသရေးအစီအစဉ်များ၊ ရည်မှန်းထားသော ဖြည့်စွက်စာ တိုက်ကျွေးရေးအစီအစဉ် (TSFP) နှင့် ဖြည့်စွက်စာထုပ် တိုက်ကျွေးရေးအစီအစဉ် (BSFP) များပါဝင်သည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ဗျူရိုကရေစီအရ နှောင့်နှေးမှုများနှင့် ဝင်ရောက်ကူညီရန် ခွင့်ပြုချက်များကို စောင့်ဆိုင်းနေရခြင်းတို့ကြောင့် အာဟာရကဏ္ဍစုသည် မွေးကင်းစကလေးနှင့် ကလေးငယ်များအား အာဟာရတိုက်ကျွေးခြင်းအစီအစဉ် (IYCF) အတွက် လိုအပ်ချက်များကို အပြည့်အဝ တွက်ချက်သတ်မှတ်နိုင်စွမ်းမရှိခဲ့ပါ။
- မိခင်နို့အစားထိုးပစ္စည်းများဆိုင်ရာ လမ်းညွှန်ချက်အား ပြန်လည်သုံးသပ်၍ ဖြန့်ဝေနိုင်ရေးအတွက် ဝင်ရောက်ကူညီရေး ခွင့်ပြုချက်များ ရရှိရန် အားကောင်းသော တိုက်တွန်းလှုံ့ဆော်မှုကို စဉ်ဆက်မပြတ်ပြုလုပ်နေရန် လိုအပ်ပါသည်။

- အာဟာရကဏ္ဍစုသည် အထူးသဖြင့် ကဏ္ဍအလိုက်အတွေ့အကြုံရှိသည့် ဝန်ထမ်းများ ဆုံးရှုံးမှုများပြားခဲ့သည့် အရှေ့တောင်ပိုင်းဒေသနှင့် အရှေ့မြောက်ပိုင်းဒေသတို့တွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများအား ခိုင်မာအားကောင်းစေရန် လုပ်ဆောင်ရာ၌ စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။
- ရခိုင်ပြည်နယ်တွင် အသက် ၅ နှစ်အောက် ကလေးငယ် ၉၄၇၉ ဦးနှင့် ပြုစုစောင့်ရှောက်သူ ၄၁၇၂ ဦးတို့အား ဖြည့်စွက်စာထုပ် တိုက်ကျွေးရန် စီစဉ်ထားသော လုပ်ငန်းကို ဘေးကင်းလုံခြုံသော နေရာများ ပြန်လည်တည်ဆောက်ပြီးသည့် အချိန်အထိ ဆိုင်းငံ့ထား မည်ဖြစ်သည်။
- ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်ရှိ ရေတပ်စစ်ဆေးရေးဂိတ်သည် စီစဉ်ထားသော IDP ကူညီရေးလုပ်ငန်းများတွင် နှောင့်နှေးမှုများကို ဖြစ်ပေါ်စေသည်။

## ကာကွယ်စောင့်ရှောက်မှုပေးရေး

**လိုအပ်ချက်များ**

ယေဘုယျကာကွယ်စောင့်ရှောက်ရေး

- ရခိုင်ပြည်နယ်တွင် -
    - ဘေးဒဏ်သင့်ပြည်သူများအတွက် ဘေးကင်းလုံခြုံသော ခိုလှုံရာနေရာများ မရှိခြင်း၊ မုန်တိုင်းအလွန် အန္တရာယ်များရှိခြင်း၊ မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ (UXOs)၊ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ ဆုံးရှုံးခြင်းတို့နှင့်အတူ၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများကို ဝင်ရောက်ကူညီခွင့် ကန့်သတ်ထားခြင်း၊ သတင်းအချက်အလက်များနှင့် အခြေခံဝန်ဆောင်မှုများ ရယူရာတွင် အကန့်အသတ်ရှိခြင်း၊ ဝင်ငွေရဇာစ်မြစ်များကို ဆုံးရှုံးခြင်းတို့နှင့်ဆက်စပ်ဖြစ်ပေါ်သည့် အခြားသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကြောင့် စိုးရိမ်မှုများ မြင့်တက်လာနေပါသည်။
    - လူနေထူထပ်ကြပ်တည်းခြင်းကြောင့် ဂုဏ်သိက္ခာရှိစွာနေထိုင်နိုင်သည့် နေရာ မရှိခြင်းသည် အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ထိပါးနှောင့်ယှက်မှုဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ ဆက်လက်မြင့်မားနေစေသည်။ ဘေးကင်း၍ အလွယ်တကူရရှိနိုင်သော ရေနှင့်သန့်ရှင်းရေးအဆောက်အဦများကို လုံလောက်စွာ မထောက်ပံ့ပေးနိုင်ခြင်းကလည်း ဤအခြေအနေကို ပိုဆိုးရွားစေသည်။ မီးအလင်းရောင်မရှိခြင်းနှင့် အိမ်သာများကို သီးခြားနေရာများတွင် ထားရှိခြင်းတို့ကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များအတွက် အန္တရာယ်ဖြစ်နိုင်ခြေများ ထပ်တိုးစေသည်။
    - ကျောက်တလုံး (KTL) စခန်းမှ မိသားစုများအား ပြန်လည်နေရာချထားရေးဧရိယာတွင်၊ အိမ်သာအားလုံးနီးပါးသည် မုန်တိုင်းကြောင့် ကြီးမားစွာ ပျက်စီးခဲ့ပြီး အသုံးပြု၍ မရတော့ပါ။ ရလဒ်အဖြစ် တတ်နိုင်သည့် မိသားစုများက ကိုယ်ပိုင် အိမ်သာများကို ဆောက်လုပ်နေကြပြီး မတတ်နိုင်သူများကမူ ကျောက်တလုံးစခန်းအထိ လမ်းလျှောက်ပြန်၍ သွားနေကြရသည်။ ဤအခြေအနေသည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အထူးသဖြင့် ညအချိန်များတွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များကို ဖြစ်စေသည်။ လက်ရှိအာဏာပိုင်များက ပြန်လည်နေရာချထားရေးဧရိယာတွင် ရေကို ထောက်ပံ့ပေးနေသော်လည်း၊ နေရပ်စွန့်ခွာရသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည်အထိ မလုံလောက်ပါ။
    - ခိုလှုံရာနေရာများ ကြီးမားစွာထိခိုက်ပျက်စီးခဲ့ပြီး၊ ခိုလှုံရာအတွက် အမိုးအကာပစ္စည်းများလည်း မရှိခြင်းကြောင့် AA-MAF ဒိုင်းကျီတိုက်ပွဲရှောင်စုရပ်မှ (မူလက ဘောင်းဒွတ်ကျေးရွာတွင် နေထိုင်သည့်) မိသားစု ၇ စုသည် မေလ ၁၇ ရက်နေ့တွင် မူလနေထိုင်ရာ ကျေးရွာများသို့ ပြန်သွားခဲ့သည်။
    - မိမိကိုယ်ကိုအဆုံးစီရင်ရန် ကြိုးစားမှုများကိုလည်း အစီရင်ခံထားပြီး၊ အဓိကအားဖြင့် မုန်တိုင်းကြောင့် ထိခိုက်ခံရပြီး၊ စိတ်ပိုင်းဆိုင်ရာဒုက္ခ ကြုံတွေ့နေရသည့် အမျိုးသမီးများနှင့် မိန်းကလေးများဖြစ်ကြသည်။

- အနောက်မြောက်ပိုင်းဒေသတွင် -
    - မကွေးတိုင်းဒေသကြီး၌၊ ခရီးသွားကန့်သတ်ချက်များကို တင်းကျပ်ထားခြင်းကြောင့် ဆော၊ ပေါက်နှင့် ပခုက္ကူမြို့နယ်များမှ အရပ်သားများသည် လွတ်လပ်စွာ သွားရောက်ကူညီ လျော့နည်းလာနေသည်။ ယခုအခါတွင် စစ်ဆေးရေးဂိတ်များသည် ဖြတ်သန်းသွားလာနေသော လူများနှင့် သုံးဘီးဆိုင်ကယ်များကို ပိုမိုတင်းကျပ်စွာ စစ်ဆးနေကြသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

- မုန်တိုင်းအလွန် ရက်သတ္တပတ်များနှင့် လအနည်းငယ်အတွင်းတွင်၊ လူထုထပ်ကြပ်တည်းသည့် အခြေအနေ၌ ကာလရှည်ကြာ နေထိုင်ရခြင်း၊ စိုးရိမ်ကြောင့်ကြမှုများခြင်း၊ အစားအစာအပါအဝင် ရင်းမြစ်များမရှိခြင်းတို့ကြောင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများ တိုးမြင့်လာမည်ဖြစ်ပြီး၊ ဆက်လက်၍ ကလေးသူငယ်များအား ထိခိုက်စေသော မသင့်လျော်သည့် ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများဆီသို့ ဦးတည်စေမည်ဟု မျှော်မှန်းထားသည်။
- အနောက်မြောက်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ်တို့ရှိ မိတ်ဖက်အဖွဲ့များသည် အောက်ပါ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများကို အစီရင်ခံထားပါသည် -
  - အိမ်တွင်းနှင့် ရပ်ရွာတွင်း အကြမ်းဖက်မှုများအပါအဝင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားချက်အရ အနိုင်ကျင့်ခြင်း၊ ထို့အတူ ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများအကြားတွင် စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ မကျေနပ်ချက်များ ရှိနေသည်။ အန္တရာယ်ဖြစ်နိုင်ခြေများကို အနိမ့်ဆုံးသို့ လျှော့ချနိုင်ရန်အတွက် ပြုစုစောင့်ရှောက်သူများအား အကူအညီပေးခြင်း နှင့်အတူ၊ ကလေးသူငယ်များကို ကူညီရန်အတွက် အမှုဖြစ်ရပ်စီမံခန့်ခွဲရေးလုပ်ငန်းကို ပိုမိုမြင့်တင်ဆောင်ရွက်ရန် လိုအပ် နေသည်။
  - မိသားစုနှင့် ကွဲကွာနေသော ကလေးသူငယ်များသည် အလွန်ထိခိုက်လွယ်သော စောင့်ရှောက်ရေးအစီအစဉ်များအောက်တွင် ရှိနေပြီး၊ ကိုယ်ပိုင်မိသားစုထံမှ အခြေခံစောင့်ရှောက်မှုများ မရှိခြင်းကြောင့် အစားထိုးစောင့်ရှောက်ပေးသူများကလည်း ကူညီပေးရန် စိတ်မပါကြပါ။ အစားထိုးစောင့်ရှောက်ပေးသူများအား အကူအညီများ ထောက်ပံ့ပေးခြင်းနှင့်အတူ၊ မိသားစုများအား ရှာဖွေ၍ ပြန်လည်ပေါင်းစည်းပေးခြင်း (FTR) လုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရန် အရေးကြီးပါသည်။
  - အမျိုးသမီးများ၏ ထိခိုက်လွယ်မှုကို အာရုံစိုက်ကြည့်ပါက၊ အထူးသဖြင့် စစ်တွေမြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့တွင် နေအိမ်များနှင့် WASH ပံ့ပိုးမှုများ ပျက်စီးခဲ့ရသည့်အတွက် အကြမ်းဖက်မှုနှင့် ကျားမအခြေပြု အကြမ်းဖက်မှု (GBV) အပါအဝင် ဘေးကင်းလုံခြုံရေးဆိုင်ရာ ပြဿနာများကို အစီရင်ခံထားကြသည်။
  - စစ်ကိုင်းတိုင်းဒေသကြီးတွင်၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ပစ္စည်းများနှင့် ကလေးသူငယ်များအတွက် နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများအား လိုအပ်နေကြောင်းကို မိတ်ဖက်အဖွဲ့များက မီးမောင်းထိုးဖော်ပြထားသည်။
  - မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့မှ မိတ်ဖက်အဖွဲ့များ၏ အစီရင်ခံချက်အရ၊ ဆယ်ကျော်သက်လူငယ်များသည် ခိုလှုံရာနေရာ ပြန်လည်တည်ဆောက်ရေးတွင် ကူညီပေးရမည့် တာဝန်များကြောင့် အပန်းဖြေရေးလှုပ်ရှားမှုများတွင် မပါဝင်နိုင်ကြသဖြင့်၊ အသိအမြင်ဖွင့် ဆွေးနွေးပွဲများမှတဆင့် ဆယ်ကျော်သက်အရွယ်များအား ကူညီပေးရေးကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေပါသည်။
  - ကလေးငယ်များသည် မိသားစု၏ အခြေခံလိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရသည့်အတွက် အလုပ်လုပ်နေရသည့် ကလေးသူငယ်များ၏ အရေအတွက်မှာ တိုးလာနေသည်။
  - ကလေးသူငယ်များကစားရန်အတွက် ဘေးကင်းသော နေရာများ မရှိခြင်းကြောင့် ထိခိုက်ဒဏ်ရာရမှုများသည် စိုးရိမ်မှုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေကြောင်း စစ်တွေနှင့် မြောက်ဦးမြို့နယ်တို့မှ မိတ်ဖက်အဖွဲ့များက မှတ်ချက်ပြုထား သည်။

ကျားမအခြေပြု အကြမ်းဖက်မှု (GBV)

- အထူးသဖြင့် GBV ရှင်သန်ကျန်ရစ်သူများပါဝင်သည့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များသည် လုံလောက်မှုမရှိပါ။ အမျိုးသမီးများနှင့် မိန်းကလေးများအား ကျန်းမာရေး စောင့်ရှောက်မှုနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးရန်အတွက် ယာယီခိုလှုံရာနေရာများနှင့် ဘေးကင်းလုံခြုံသော နေရာများကို လိုအပ်နေပါသည်။ GBV ဆိုင်ရာ ဝန်ဆောင်မှုပေးအပ်သည့် နေရာများသည်လည်း မုန်တိုင်းတိုက်ခတ်စဉ်အတွင်း ထိခိုက်ပျက်စီးခဲ့ရပြီး၊ မိတ်ဖက်အဖွဲ့များသည် ယာယီတာပေါ်လင်တဲများဖြင့် ဝန်ဆောင်မှုများကို ပြန်လည်ပေးအပ်နေကြသည်။
- ရခိုင်ပြည်နယ်ရှိ ဘေးဒဏ်ခံမြို့နယ်များတွင်၊ အထူးသဖြင့် IDP များအပါအဝင် ထိခိုက်အလွယ်ဆုံးသော အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တကိုယ်ရည်သုံးကျန်းမာရေးပစ္စည်းများကို လိုအပ်နေသည်။
- ရခိုင်ပြည်နယ်တွင် မီးအလင်းရောင် နည်းပါးခြင်းနှင့် အိမ်သာများကို သီးခြားနေရာများတွင် ထားရှိခြင်းတို့အပါအဝင် သန့်ရှင်းရေးနေရာများနှင့် သောက်သုံးရေ လုံလောက်စွာ မရှိခြင်းတို့ကြောင့် အမျိုးသမီးများနှင့် ဆယ်ကျော်သက် မိန်းကလေးများအတွက် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ထိပါးနှောင့်ယှက်မှုဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ ပိုတိုးလာစေသည်။

**တုံ့ပြန်လုပ်ငန်းများ**

ယေဘုယျကာကွယ်စောင့်ရှောက်ရေး

- ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းအန္တရာယ် ပညာပေးခြင်း (EORE) လုပ်ငန်းများကို မိုခါမုန်တိုင်းဒဏ်ခံဒေသများတွင် ဆက်လက်ပြုလုပ်နေသည်။ မိတ်ဖက်အဖွဲ့များသည် အသေးစိတ်ပြင်ဆင်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေး သတင်းစကားများကို ရပ်ရွာလူထုအား တိုက်ရိုက်ရှင်းပြခြင်း၊ ပိုစတာများနှင့် အခြားစာစောင်များကို ဖြန့်ဝေခြင်း၊ လူမှုမီဒီယာတွင် လှုပ်ရှားမှုပြုလုပ်ခြင်းနှင့် ဒေသတွင်း ရေဒီယိုအသံလွှင့်ရုံများမှတဆင့် ဖြန့်ဝေပေးနေသည်။ အနောက်မြောက်ပိုင်းဒေသတွင် မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများ၌ ပါဝင်သည့် အကူအညီပေးရေးလုပ်သားများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းများ စီစဉ်ထားပြီး ပုံမှန်ဆက်လက်ပို့ချနေသည်။
- ခရီးသွားခွင့်ပြုမိန့်များနှင့် ဝင်ရောက်ကူညီခွင့်များသည် ဆက်လက်စိန်ခေါ်နေဆဲဖြစ်သောကြောင့် ကာကွယ်စောင့်ရှောက်မှုပေးရေးကဏ္ဍစုသည် မုန်တိုင်းဒဏ်ခံပြည်သူများအတွက် အရေးကြီးသော ကာကွယ်စောင့်ရှောက်ရေးအကူအညီများကို ဘေးကင်းလုံခြုံစွာပေးအပ်နိုင်မည့် နည်းလမ်းအားလုံးကို ဖော်ထုတ်ရှာဖွေရန်အတွက် မြေပြင်ရှိ CSOs အဖွဲ့များ၊ စခန်း/ခိုလှုံရာနေရာတွင် အခြေပြုသည့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ချိတ်ဆက်ဆောင်ရွက်နေသည်။
- မကွေးတိုင်းဒေသကြီးတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မိတ်ဖက်အဖွဲ့များသည် အပြုသဘောဆောင်သော မိဘအုပ်ထိန်းမှုဆိုင်ရာ အသိအမြင်ဖွင့်ဆွေးနွေးပွဲများကို ပြုလုပ်နေသည်။ အနောက်မြောက်ပိုင်းဒေသတွင် မြေပြုပ်မိုင်းကြောင့် ထိခိုက်ခံရသူများနှင့် GBV ရှင်သန်ကျန်ရစ်သူများအပါအဝင် အမှုတစ်ခုချင်းအတွက် အထူးပြုအဖွဲ့အစည်းများနှင့် အေဂျင်စီများသို့ လွှဲပြောင်းပေးမှုများကိုလည်း ဆက်လက်ဆောင်ရွက်နေသည်။
- ရခိုင်ပြည်နယ်တွင်၊ ကဏ္ဍစု၏ အဖွဲ့ဝင်များသည် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းအန္တရာယ်ပညာပေးခြင်း (EORE)၊ မုန်တိုင်းအလွန် အန္တရာယ်များ၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးခြင်းမှ ကြိုတင်ကာကွယ်ရေး (PSEA)၊ စိတ္တလူမှုဆိုင်ရာအထောက်အပံ့ (PSS)တို့နှင့် စပ်လျဉ်း၍ လူများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ ဖုန်းခေါ်ဆို၍ အဝေးမှသော်လည်းကောင်း ရပ်ရွာလူထုနှင့် ဆက်သွယ်ပြန်ကြားရေး (CwC) သတင်းစကားများကို မျှဝေပေးနေသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး *(အစီရင်ခံမှုမပြည့်စုံခြင်းကြောင့် ကိန်းဂဏန်းများ မတိကျနိုင်ကြောင်း သတိပြုပါ)*

- စုစုပေါင်း ကလေးသူငယ်အကျိုးပြုဌာန (CFSs) ၁၈၉ ခုကို တည်ထောင်ထားပြီး၊ အနောက်မြောက်ပိုင်းဒေသတွင် ၈၅ ခုနှင့် ရခိုင်ပြည်နယ်တွင် ၁၀၄ ခုဖြစ်သည်။ ဤဌာနများမှာ ရွေ့လျား သို့မဟုတ် ပုံသေနေရာများဖြစ်ကြပြီး၊ ကလေးသူငယ်များက စိတ်အပန်းဖြေရေးလှုပ်ရှားမှုများတွင် ချိတ်ဆက်ပါဝင်နိုင်ရန်နှင့် စိတ္တလူမှုပိုင်းဆိုင်ရာ အထောက်အကူများကို ရရှိစေရန်အတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်များကို ထောက်ပံ့ပေးသည်။
- အကူအညီပေးရေးဌာန (help desk) စုစုပေါင်း ၁၂၃ ခုကို တည်ထောင်ထားရှိပြီး၊ အနောက်မြောက်ပိုင်းဒေသတွင် ၇၆ ခုနှင့် ရခိုင်ပြည်နယ်တွင် ၄၇ ခုဖြစ်သည်။ ဤနေရာများကို များသောအားဖြင့် ရပ်ရွာတွင် အခြေစိုက်သည့် ပံ့ပိုးကူညီသူများ/ စေတနာ့ဝန်ထမ်းများက အထောက်အကူပြုပေးပြီး၊ ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများအား မိသားစုနှင့် လျင်မြန်စွာ ပြန်လည်ပေါင်းစည်းနိုင်ရေးကို ကူညီပေးသည်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမိတ်ဖက်အဖွဲ့များသည် ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများအပါအဝင် စုစုပေါင်း လူဦးရေ ၁၈၀၆၉ ဦးသို့ စိတ္တလူမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးခဲ့သည်။ ဤလူဦးရေတွင် အနောက်မြောက်ပိုင်းဒေသမှ ၈၁၁၇ ဦးနှင့် ရခိုင်ပြည်နယ်မှ ၉၉၅၂ ဦးတို့ ပါဝင်ကြပြီး၊ မိန်းကလေး ၈၃၉၂ ဦး (အနောက်မြောက်ပိုင်းဒေသမှ ၃၇၂၄ ဦးနှင့် ရခိုင်ပြည်နယ်မှ ၄၆၆၈ ဦး)၊ ယောကျ်ားလေး ၈၀၄၃ ဦး (အနောက်မြောက်ပိုင်းဒေသမှ ၃၃၉၅ ဦးနှင့် ရခိုင်ပြည်နယ်မှ ၄၆၄၈ ဦး)နှင့် ပြုစုစောင့်ရှောက်သူ ၁၆၃၄ ဦး (အနောက်မြောက်ပိုင်းဒေသမှ ၉၉၈ ဦးနှင့် ရခိုင်ပြည်နယ်မှ ၆၃၆ ဦး) တို့ဖြစ်ကြသည်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးပြဿနာများနှင့်စပ်လျဉ်း၍ အသိအမြင်ဖွင့်ပေးသော သတင်းစကားများသည်လည်း လူဦးရေစုစုပေါင်း ၁၆၇၁၆ ဦးသို့ ဖြန့်ကြက်ရောက်ရှိခဲ့ပြီး၊ ယင်းလူဦးရေတွင် အနောက်မြောက်ပိုင်းဒေသမှ ၁၃၇၄၆ ဦးနှင့် ရခိုင်ပြည်နယ်မှ ၂၉၇၁ ဦးတို့ ပါဝင်သည်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပစ္စည်း (CP kits) စုစုပေါင် ၅၃၅ စုံကို ဖြန့်ဝေပေးခဲ့ရာ၊ ရခိုင်ပြည်နယ်တွင် ၃၆၄ စုံနှင့် အနောက်မြောက်ပိုင်းဒေသတွင် ၁၁၃ စုံဖြစ်သည်။

- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမှုစီမံခန့်ခွဲရေးနှင့် နောက်ဆက်တွဲလုပ်ငန်းများကို ကလေးသူငယ် ၉၆၂ ဦးအတွက် ဆောင်ရွက်ပေးခဲ့ပြီး၊ ယင်းအရေအတွက်တွင် ရခိုင်ပြည်နယ်မှ ၃၆၄ ဦးနှင့် အနောက်မြောက်ပိုင်းဒေသမှ ၅၉၈ ဦးတို့ ပါဝင်ကြသည်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မိတ်ဖက်အဖွဲ့များသည် စားနပ်ရိက္ခာဖြန့်ဝေစဉ်အတွင်း ကလေးသူငယ်များအား ဘေးကင်းလုံခြုံစေခြင်းအပါအဝင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများကို အခြားသောကဏ္ဍစုလုပ်ငန်းများ၌ ပေါင်းစပ်ထည့်သွင်းရေးအတွက် ဆက်လက်ဆောင်ရွက်နေသည်။

ကျားမအခြေပြုအကြမ်းဖက်မှု (GBV)

- ရခိုင်ပြည်နယ်တွင် GBV ဆိုင်ရာ မိတ်ဖက်အဖွဲ့များက ဆေးသမားကြီး၊ သက်ကယ်ပြင်၊ ဖွေးရာကုန်း၊ Ket Yoke Kyat (၁) နှင့် (၂) စခန်းများရှိ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် စင်တာ (WGC) များတွင် အမှုစီမံခန့်ခွဲရေးလုပ်ငန်းများကို ထောက်ပံ့ပေးနေသည်။ ဤလုပ်ငန်းတွင် GBV အကြောင်း အသိအမြင်ဖွင့်ပေးခြင်းနှင့် ရရှိနိုင်သော ဝန်ဆောင်မှုများအကြောင်း အချက်အလက်များကို အိမ်တိုင်ယာရောက် မျှဝေခြင်းတို့လည်း ပါဝင်သည်။
- မိတ်ဖက်အဖွဲ့များသည် ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်များရှိ WGCs များကို တာပေါ်လင်စများဖြင့် ယာယီပြင်ဆင်ခဲ့ပြီး၊ GBV လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နေသည်။
- GBV ဆိုင်ရာ မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် စိတ္တလူမှုဆိုင်ရာ လုပ်ငန်းများနှင့် အသိအမြင်ဖွင့် ဆွေးနွေးပွဲများအတွက် အသုံးပြုရန် ရွက်ဖျင်တဲများကို ဝယ်ယူနေပြီး၊ စစ်တွေမြို့နယ်ရှိ IDP စခန်းများတွင် ဘေးကင်းလုံခြုံသော ယာယီနေရာများပြုလုပ်ရန် UNHCR ထံမှ ရွက်ဖျင်တဲ ၉ လုံးကိုလည်း လက်ခံရယူနေသည်။ ယင်းမိတ်ဖက်အဖွဲ့သည် တကိုယ်ရည်သုံးကျန်းမာရေးပစ္စည်း ၆၅၆၈ စုံကို ဖြန့်ဝေပေးရန် စီစဉ်နေပြီး၊ ပုဏ္ဏားကျွန်းမြို့နယ်ရှိ ဂဏန်းတောင် IDP စခန်းတွင် ၁၃၅ စုံကို ဖြန့်ဝေထားပြီးဖြစ်သည်။
- မိတ်ဖက်အဖွဲ့များသည် စိတ္တလူမှုပိုင်းဆိုင်ရာရှေးဦးပြုစုခြင်းနှင့် စိတ္တလူမှုဆိုင်ရာ အကူအညီ လုပ်ငန်းများကို ထောက်ပံ့ပေးနေပြီး၊ ရခိုင်ပြည်နယ်ရှိ စီမံကိန်းနေရာများတွင် အိမ်တိုင်ယာရောက် အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက် နေသည်။
- အခြားမိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် ရခိုင်ပြည်နယ်ရှိ ဘေးဒဏ်ခံမြို့နယ် ၈ မြို့နယ်တွင် တကိုယ်ရည်သုံးကျန်းမာရေးပစ္စည်း ၁၇၀၀၀ ကို ဖြန့်ဝေရန် စီစဉ်နေပြီး၊ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင်လည်း အလားတူပစ္စည်းများ ဖြန့်ဝေရေးကို ဆောင်ရွက်နေသည်။ ဤအဖွဲ့သည် GBV နှင့် MHPSS အတွက် ရွေ့လျားအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်နေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် GBV ဆိုင်ရာ မိတ်ဖက်အဖွဲ့များသည် စစ်ကိုင်းတိုင်းဒေသကြီး၌ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဝန်းသို၊ ခင်ဦးနှင့် ရွှေဘိုမြို့နယ်များမှ ဘေးဒဏ်ခံပြည်သူများသို့ CP နှင့် GBV ဆိုင်ရာ အသိအမြင်ဖွင့်ဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့်အတူတွဲ၍ စိတ္တလူမှုဆိုင်ရာ အကူအညီများကို ထောက်ပံ့ပေးနေသည်။
- မိတ်ဖက်အဖွဲ့များသည် ချင်းပြည်နယ်ရှိ မြို့နယ် ၃ မြို့နယ်တွင် GBV ဆိုင်ရာ အသိအမြင်ဖွင့် ဆွေးနွေးပွဲများကို ပြုလုပ်နေပြီး၊ တကိုယ်ရည်သုံးကျန်းမာရေးပစ္စည်းများ ဖြန့်ဝေပေးရန်လည်း စီစဉ်ထားသည်။
- ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် GBV မိတ်ဖက်အဖွဲ့များက တကိုယ်ရည်သုံးကျန်းမာရေးပစ္စည်း ၃၂၀ စုံကို ဖြန့်ဝေပေးခဲ့ပြီး၊ တီးတိန်မြို့နယ်တွင်လည်း တကိုယ်ရည်သုံးကျန်းမာရေးပစ္စည်း ၁၈၀ စုံကို ဖြန့်ဝေပေးရန် စီစဉ်နေသည်။
- ကချင်ပြည်နယ်တွင်၊ မိတ်ဖက်အဖွဲ့များက ဝိုင်းမော်မြို့နယ်၊ မဂါယန်ကျေးရွာရှိ ရှအစ်ယန် IDP စခန်းတွင်အမျိုးသမီးနှင့် မိန်းကလေး ၄၆ ဦးသို့ စိတ္တလူမှုပိုင်းဆိုင်ရာရှေးဦးပြုစုခြင်း အကူအညီများကို ထောက်ပံ့ပေးနေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ဘေးဒဏ်ခံရေီယာများသို့ ဝင်ရောက်ကူညီနိုင်ရေးသည် ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသမှ အချို့ဧရိယာများအတွက် ဆက်လက်တည်ရှိနေသော စိန်ခေါ်မှုတစ်ခုဖြစ်နေသည်။ မိတ်ဖက်အဖွဲ့များသည် များပြားသော ကန့်သတ်ချက်များကို ရင်ဆိုင်နေရပြီး၊ ရေကြီးရေလျှံမှုများကြောင့် လမ်းနှင့် တံတားပျက်စီးမှုများ ရှိခဲ့သည်။
- လျှပ်စစ်နှင့် ဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများသည် အထူးသဖြင့် အနောက်မြောက်ပိုင်းဒေသတွင် အကန့်အသတ်ရှိနေဆဲဖြစ်ပြီး၊ မိတ်ဖက်အဖွဲ့များက မုန်တိုင်းကြောင့် ထိခိုက်မှုအကြောင်း သတင်းအချက်အလက်များကို ရယူနိုင်စွမ်းနှင့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်ပမာဏအား အပြည့်အဝတိုင်းတာနိုင်စွမ်းကို အဟန့်အတားဖြစ်စေသည်။

- အထူးသဖြင့် ကာကွယ်စောင့်ရှောက်ပေးရေးနယ်ပယ်တွင် ကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာ ပြဿနာများနှင့် စိုးရိမ်မှုများကို သတ်မှတ်ဖော်ထုတ်၍ ဖြေရှင်းပေးရန်အတွက် လေ့ကျင့်သင်တန်းပေးထားသော ပညာရှင်အရေအတွက် လုံလောက်စွာမရှိပါ။
- ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှုပေးရေးလုပ်ငန်းများအတွက် ငွေကြေးနှင့် လူ့စွမ်းအားရင်းမြစ်နှစ်မျိုးလုံးကို အရေးတကြီး လိုအပ်နေသည်။ မိတ်ဖက်အဖွဲ့အစည်းအနည်းငယ်ကသာ တုံ့ပြန်ရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေပြီး၊ ဝင်ရောက်ကူညီခွင့်ဆိုင်ရာ စိန်ခေါ်မှုများရှိနေခြင်းကြောင့် တုံ့ပြန်လုပ်ငန်းများကို နှောင့်နှေးစေပါသည်။ ရန်ပုံငွေမလုံလောက်မှုသည် ဘေးဒဏ်ခံ ပြည်သူများသို့ တုံ့ပြန်လုပ်ငန်းများ ပြည့်စုံစွာ ထောက်ပံ့ပေးနိုင်ရေးကို ဟန့်တားနေပါသည်။
- လတ်တလောလိုအပ်ချက်များကို အချိန်နှင့်တပြေးညီ တုံ့ပြန်နိုင်ရေးအတွက် ဒေသခံမိတ်ဖက်အဖွဲ့များသို့ ထောက်ပံ့ပေးရန် အရေးပေါ် ရန်ပုံငွေ မရှိပါ။

## အမိုးအကာ၊ စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ (NFIs)၊ စခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စခန်းစီမံခန့်ခွဲရေး (CCCM)

**လိုအပ်ချက်များ**

- နောက်ဆုံးပြုလုပ်ခဲ့သည့် ကွင်းဆင်းလေ့လာမှုများအရ၊ အနောက်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသတွင် အနည်းဆုံး လူနေအိမ် ၄၃၄၆၈ လုံး ထိခိုက်ပျက်စီးခဲ့သည်။
- အနောက်မြောက်ပိုင်းဒေသတွင်၊ ချင်းပြည်နယ်၌ လူဦးရေ ၂၀၀၀ ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ လူဦးရေ ၁၆၆၀၀၀ ဦးခန့်နှင့် မကွေးတိုင်းဒေသကြီး၌ လူဦးရေ ၃၇၅၀၀ ဦးနီးပါးတို့သည် ခိုလှုံရာနေရာနှင့် စားနပ်ရိက္ခာမဟုတ်သော ပစ္စည်း (NFI) အတွက် အကူအညီများကို အရေးတကြီး လိုအပ်နေကြသည်။
- အရှေ့မြောက်ပိုင်းဒေသတွင် ကချင်ပြည်နယ်၌ ခိုလှုံရာနှင့် စားဖိုဆောင် ၃၆၀ ကျော်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ခိုလှုံရာနေရာ ၁၃၅ လုံးတို့ ထိခိုက်ပျက်စီးခဲ့သည်။

**တုံ့ပြန်လုပ်ငန်းများ**

- ကဏ္ဍစု၏ မိတ်ဖက်အဖွဲ့များသည် လူဦးရေ ၉၅၂၄၀ ဦးသို့ ခိုလှုံရာအတွက်ပစ္စည်းများနှင့် NFI ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ပြီး၊ မုန်တိုင်းဒဏ်ခံဒေသများတွင် စခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး (CCCM) အကူအညီများကိုလည်း အောက်ပါအတိုင်း ပေးအပ်ခဲ့သည် -
    - ရခိုင်ပြည်နယ်တွင်၊ မိတ်ဖက်အဖွဲ့များသည် ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်များမှ ထိခိုက်ခံရသည့် မိသားစု ၁၉၀၀၀ ကျော်သို့ ခိုလှုံရာအတွက် ပစ္စည်းများ၊ NFI အကူအညီများ၊ နေရာ/စခန်းပြုပြင်ထိန်းသိမ်းရေးနှင့် ဘေးကင်းလုံခြုံရေးလုပ်ငန်းများကို ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် နောက်ထပ် အိမ်ထောင်စုပေါင်း ၁၂၉၈၄ စုသို့ ခိုလှုံရာနှင့် NFI အကူအညီများကို ဖြန့်ဝေပေးရန် စီစဉ်နေသည်။
    - အနောက်မြောက်ပိုင်းဒေသတွင်၊ မိတ်ဖက်အဖွဲ့များသည် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဘေးဒဏ်ခံဧရိယာများရှိ မိသားစု ၃၂၉၇ စုသို့ NFI ပစ္စည်းများကိုလည်းကောင်း၊ မိသားစု ၂၈၄၀ စုသို့ ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူအညီများကိုလည်းကောင်း ထောက်ပံ့ပေးရန် ကြိုတင်နေရာချထားမှုများကို ဆောင်ရွက်နေသည်။
    - ကချင်ပြည်နယ်တွင်၊ မိတ်ဖက်အဖွဲ့များသည် မြစ်ကြီးနားနှင့် တနိုင်းမြို့နယ်များမှ IDP စခန်းများနှင့် ပြန်လည်နေရာချထားရေး စခန်းတစ်ခုရှိ မိသားစု ၁၈ စုသို့ အိမ်အမိုးပြားများ ထောက်ပံ့ပေးရန် လုပ်ဆောင်နေသည်။
    - ရှမ်းပြည်နယ်မြောက်ပိုင်းတွင်၊ မိတ်ဖက်အဖွဲ့များသည် ထိခိုက်ခံရသည့် မိသားစု ၁၂၉ စုသို့ ခိုလှုံရာအတွက် အရေးပေါ် ပစ္စည်းများကိုလည်းကောင်း၊ ထိခိုက်ခံရသည့် မိသားစု ၆ စုသို့ ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူအညီကိုလည်းကောင်း ထောက်ပံ့ပေးရန် စီစဉ်နေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ဤကဏ္ဍစု၏ မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများသည် လိုအပ်ချက်ပမာဏနှင့် နှိုင်းယှဉ်ပါက ရန်ပုံငွေ ဆိုးရွားစွာ နည်းပါးနေပြီး၊ ရန်ပုံငွေ ကွာဟချက် အမေရိကန်ဒေါ်လာ ၆၇.၂ သန်း ရှိနေသည်။

- အနောက်မြောက်ပိုင်းဒေသတွင် ဝင်ရောက်ကူညီခွင့်များရရှိရန် စောင့်ဆိုင်းနေရခြင်းကြောင့် ဘေးဒဏ်ခံရေိယာများတွင် မိတ်ဖက်အဖွဲ့များ၏ တုံ့ပြန်လုပ်ငန်းများကို နှောင့်နှေးစေသည်။ အနောက်မြောက်ပိုင်းဒေသ၏ နေရာအများအပြားတွင် အကူအညီ ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးကို တင်းကျပ်စွာ ထိန်းချုပ်ခံထားရဆဲဖြစ်ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများက ငွေကြေးအကူအညီများကို ထောက်ပံ့ပေးအပ်ရာတွင်လည်း စိန်ခေါ်မှုများကို ကြုံတွေ့နေရသည်။
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ခန့်မှန်းခြေအားဖြင့် ခိုလှုံရာနေအိမ် ၅၄၆ လုံး၊ စားဖိုဆောင် ၁၉ ခု နှင့် ရပ်ရွာခန်းမ ၈ ခုတို့အား ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခြင်း အကူအညီပေးရန် လိုအပ်နေဆဲဖြစ်သည်။

## ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရည်ကျန်းမာရေး (WASH)

### လိုအပ်ချက်များ

- ရခိုင်ပြည်နယ်တွင် ကွင်းဆင်းလေ့လာမှုများအရ ရေအရင်းအမြစ်များ၊ အိမ်သာများနှင့် WASH ဆိုင်ရာ အဆောက်အဦများ လုံးဝပျက်စီးခြင်း သို့မဟုတ် ထိခိုက်ခြင်းတို့ဖြစ်ခဲ့သည် -
  - မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်များမှ ကျေးရွာ ၁၀၅ ရွာရှိ ရေကန် ၁၀၅ ကန်တွင် ပင်လယ်ဆားငန်ရည်ဝင်ရောက်ခဲ့ပြီး၊ အိမ်ထောင်စု ၁၉၁၅၂ စု (IDPs များအပါအဝင် လူဦးရေ ၁၀၀၀၀၀ ကျော်) အပေါ် သက်ရောက်ခဲ့သည်။
  - မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မာန်အောင်၊ ပုဏ္ဏားကျွန်းနှင့် စစ်တွေမြို့နယ်များမှ ကျေးရွာ ၄၆ ရွာရှိ ရေတွင်း ၂၀၀ နီးပါး၏ အမိုးနှင့် အဆောက်အဦများ ထိခိုက်ခဲ့သည်။
  - မင်းပြားမြို့နယ်မှ ကျေးရွာ ၂ ရွာရှိ ရေစစ်ကန်အဆောက်အဦ ၂ ခုတို့လည်း ထိခိုက်ခဲ့သည်။
  - မြို့နယ် ၈ မြို့နယ်ရှိ ကာလရှည်ကြာတည်ရှိခဲ့သော စခန်းများနှင့် နေရပ်စွန့်ခွာနေရာများတွင် အိမ်သာအလုံးရေ ၂၈၀၀ ကျော်တို့ ထိခိုက်မှုရှိခဲ့သည်။
- ယနေ့အချိန်အထိ၊ အနောက်မြောက်ပိုင်းဒေသမှ လူဦးရေ ၄၈၀၀၀ ကျော်သည် WASH အကူအညီများကို အရေးပေါ် လိုအပ်နေပြီး၊ အထူးသဖြင့် ဘေးကင်းသော သောက်ရေ၊ အရေးပေါ် အိမ်သာများနှင့် ကျန်းမာရေးပစ္စည်းများ လိုအပ်နေပါသည်။ ဤလူဦးရေတွင် ချင်းပြည်နယ်မှ ၄၀၀၀ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၄၀၀၀ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၀၀၀ ဦးတို့ ပါဝင်ကြသည်။

### တုံ့ပြန်လုပ်ငန်းများ

- ရခိုင်ပြည်နယ်တွင် -
  - မုန်တိုင်းဒီလှိုင်းကြောင့် ပင်လယ်ဆားငန်ရည်ဝင်ရောက်ခဲ့သည့် ရေကန် ၁၀၇ ကန်တွင် ရေစုပ်ထုတ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။ ဤလုပ်ငန်းမှ စစ်တွေမြို့နယ်တွင် ကျေးရွာ ၇ ရွာ၊ ရသေ့တောင်မြို့နယ်တွင် ကျေးရွာ ၄၃ ရွာ နှင့် ပုဏ္ဏားကျွန်းမြို့နယ်တွင် ကျေးရွာ ၂၀ ရွာတို့မှ စုစုပေါင်း လူဦးရေ ၄၁၅၀၀ ဦးကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။
  - သောက်သုံးရေကို လှေဖြင့် သယ်ယူပို့ဆောင်ပေးသည့် ဝန်ဆောင်မှုသည် အနောက်ရွဲကျေးရွာ၊ အနောက်ရွဲ IDP စခန်းနှင့် ကြိမ်နီပြင် IDP စခန်းတို့မှ IDPs ဦးရေ ၁၄၄၀၀ ကျော်ကို ဆက်လက်အကျိုးပြုနေဆဲဖြစ်သည်။
  - ရသေ့တောင်မြို့နယ်ရှိ AA-MAF နေရပ်စွန့်ခွာနေရာ ၇ နေရာမှ ရခိုင်အိမ်ထောင်စု ၈၂၈ စုသို့ အရေးပေါ် သောက်ရေများကို ဖြန့်ဝေပေးခဲ့သည်။ ကျန်းမာရေးသုံးပစ္စည်း (hygiene kits) များနှင့် ရေသန့်ဆေးပြားများအား ဖြန့်ဝေပေးခြင်း၊ ထိခိုက်ပျက်စီးခဲ့သော အိမ်သာများအား ပြန်လည်ပြင်ဆင်ခြင်းနှင့် ပြန်လည်တည်ဆောက်ပေးခြင်းတို့ကို ဆက်လက် ဆောင်ရွက်နေသည်။
  - ကျန်းမာရေးသုံးပစ္စည်းများ (Hygiene kits) ကို စစ်တွေမြို့နယ်မှ ကျေးရွာ ၂ ရွာသို့ ၄၇၅ စုံကိုလည်းကောင်း၊ ရသေ့တောင်မြို့နယ်တွင် လူဦးရေ ၁၃၇၀၀ ကျော်သို့ Hygiene kits ၂၄၈၈ စုံနှင့် ရေသန့်ဆေးထုပ် ၃၁၁ ဖါကိုလည်းကောင်း၊ မြောက်ဦးနှင့်မြေပုံမြို့နယ်များတွင် ရခိုင်ကျေးရွာနှင့် နေရပ်စွန့်ခွာနေရာ ၈ နေရာသို့ ၂၅၇ စုံကိုလည်းကောင်း အသီးသီး ဖြန့်ဝေပေးခဲ့သည်။

အနောက်မြောက်ပိုင်းဒေသတွင် -

- ချင်းပြည်နယ်မှ မတူပီနှင့် ဟားခါးမြို့နယ်များမှ မုန်တိုင်းဒဏ်ခံမိသားစုများအား ဖြန့်ဝေပေးရန် ကျန်းမာရေးသုံးပစ္စည်း (hygiene kits) ၃၅၀ စုံကို သယ်ယူပို့ဆောင်နေဆဲဖြစ်သည်။
- မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်မှ မုန်တိုင်းဒဏ်ခံမိသားစု ၂၆၀၀ စုအတွက် အရေးပေါ်အိမ်သာများ ဆောက်လုပ်ပေးခြင်း အပါအဝင် အရေးပေါ် WASH အကူအညီများကို ထောက်ပံ့ပေးရန် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်နေသည်။
- မကွေးတိုင်းဒေသကြီးမှ ဂန့်ဂေါ၊ မြိုင်၊ ပေါက်၊ ဆောနှင့် ရေစကြိုမြို့နယ်များမှ မုန်တိုင်းဒဏ်ခံ မိသားစု ၂၅၆ စုသို့ ကျန်းမာရေးသုံးပစ္စည်း (hygiene kits) များနှင့် အရေးပေါ်အိမ်သာအတွက် တာပေါ်လင်စများထောက်ပံ့ပေးရန် ကြိုတင်ပြင်ဆင်မှုများကိုလည်း ပြုလုပ်နေသည်။
- ချင်းပြည်နယ်မှ ဖလမ်း၊ ဟားခါး၊ မတူပီ၊ ထန်တလန်မြို့နယ်များနှင့် မကွေးတိုင်းဒေသကြီးမှ ပေါက်မြို့နယ်တို့တွင် ရေအရင်းအမြစ်များအား ပြန်လည်ပြုပြင်ခြင်းနှင့် ကျန်းမာရေးပစ္စည်းများအား ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်နေဆဲ ဖြစ်သည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် ကုန်ပစ္စည်းအကန့်အသတ်ဖြင့်သာ ရရှိနိုင်ခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်လုပ်ငန်းများကို နှောင့်နှေးစေသည်။
- မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင် ဖုန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓါတ်အားပြတ်တောက်မှုတို့သည် သတင်းအချက်အလက်ရယူခြင်းနှင့် မျှဝေခြင်းတို့အတွက် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၌ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် တပ်ဖွဲ့များရှိနေခြင်းတို့ကြောင့် ကွင်းဆင်းလေ့လာမှုများနှင့် တုံ့ပြန်လုပ်ငန်းများကို အကန့်အသတ်ဖြစ်စေသည်။


သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဆက်သွယ်ပါ -

**Danielle Parry**, Officer in Charge, parryd@un.org, +95 9797002713 (Phone/Signal)

**Suhad Sakalla,** Humanitarian Affairs Officer, sakalla@un.org, +95 9797007815, +972 054433 4202 (Signal/WhatsApp)

**Lesly Lotha,** Communication Specialist, lesly.lotha@un.org, +959 796139223 (Phone/Signal)


သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဝင်ရောက်ကြည့်ရှုပါ -

*www.unocha.org* | https://reliefweb.int/country/mmr | https://www.facebook.com/OCHAMyanmar